YOMA STRATEGIC HOLDINGS LTD. FMI YOMA GROUP
YOMA PEOPLE 2020

# Yoma Bulletin

ရိုးမ သတင်းစဉ်

Group Bi-weekly highlights

HEADLINES


## Planning to Travel Around Myanmar for a Long Weekend?

All employees must declare their travel

We have a long weekend holiday coming up on the first week of August – Four days long starting from Friday to Monday. Some of you might be thinking of taking this opportunity to explore Myanmar and support local tourism, or it's a good opportunity to travel back to your hometown to visit your family.

If you plan to do so, you are required to declare to HR your travel plans. This is in line with our policy of ensuring health and safety, and in the event if there are any Covid-19 outbreaks, we will be able to easily contract trace our employees and protect our workforce.

This is mandatory – all employees must declare their travel for all business or personal travel here: https://yomagroup.net/knowledge-base/travel-declaration-form




## လာမယ့်ပိတ်ရက်ရှည်မှာ မြန်မာနိုင်ငံအနှံ့ ခရီးထွက်ဖို့ စီစဉ်နေပါသလား?

ဝန်ထမ်းတွေအားလုံး ခရီးထွက်မယ်ဆို အကြောင်းကြားဖို့ လိုတယ်နော်!

ဩဂုတ်လ ပထမအပတ်ရဲ့ သောကြာနေ့မှ တနင်္လာနေ့အထိ ရုံးပိတ်ရက်ရှည်ရှိတယ်ဆိုတော့ ကျွန်ုပ်တို့တွေ မြန်မာနိုင်ငံရဲ့ ခရီးသွားကဏ္ဍကို ပံ့ပိုးလိုတဲ့အနေဖြင့် မြန်မာပြည်အနှံ့ ခရီးသွားဖို့ စဉ်းစားနေသူတွေ ဒါမှမဟုတ် မွေးရပ်မြေပြန်ပြီး မိသားစုနဲ့ တွေ့လိုသူတွေအတွက် အခွင့်ကောင်းဘဲဖြစ်ပါတယ်။

ဒီလိုခရီးထွက်ဖို့ စီစဉ်နေတယ်ဆိုရင်တော့ မိမိတို့ရဲ့ ခရီးစဉ်အကြောင်းကို HR ဌာနထံ အကြောင်းကြားဖို့လိုပါမယ်။ အခုလိုအချိန်မှာ ဝန်ထမ်းတွေဘေးကင်းလုံခြုံစေဖို့ ချမှတ်ထားတဲ့ ကျွန်ုပ်တို့ရဲ့မူဝါဒတွေနဲ့ ကိုက်ညီစေရန်နှင့် COVID-19 ကူးစက်ပြန့်ပွားမှုများ ရှိခဲ့ပါကလည်း ကျွန်ုပ်တို့အနေနဲ့ ဝန်ထမ်းများ၏ ထိတွေ့သွားလာမှုများကို ပိုမိုလွယ်ကူစွာ စုံစမ်းဖော်ထုတ်နိုင်ပြီး ဝန်ထမ်းများကိုလည်း ကာကွယ်ပေးနိုင်မှာ ဖြစ်ပါတယ်။


အလုပ်အတွက်ဘဲဖြစ်စေ၊ အပျော်ခရီးအတွက်ဘဲဖြစ်စေ ဝန်ထမ်းများအားလုံး အောက်ဖော်ပြပါလင့်ရှိ လျှောက်လွှာမှာ ဝင်ရောက်ဖြည့်စွက်ပြီး မဖြစ်မနေ အကြောင်းကြားဖို့ ထပ်မံသတိပေးလိုက်ပါတယ်။

https://yomagroup.net/knowledge-base/travel-declaration-form

Join us virtually for our next "Uncle Serge Talks" Facebook Live Series, focusing on the Real Estate Sector Outlook" and ways to achieve financial independence. The session will be mainly in Myanmar language and we will provide English summary under Comments during the live session.

လာမည့်အပတ်တွင် ပြုလုပ်မည့် "အန်ကယ်ဦးသိမ်းဝေနှင့် စကားဝိုင်း" Facebook Live အစီအစဉ်လေးတွင် အန်ကယ်ဦးသိမ်းဝေမှ "အိမ်ခြံမြေကဏ္ဍ" နှင့်ပတ်သက်သည့် အကြောင်းအရာများနှင့် "ဘဏ္ဍာရေးအရ အမှီအခိုကင်းမဲ့စွာ ရပ်တည်နိုင်ရန်" မည်သို့လုပ်ဆောင်ရမည်ဆိုသည့် အကြောင်းအရာများကို မျှဝေပေးသွားမှာဖြစ်ပါသည်။

အစီအစဉ်ကို မြန်မာဘာသာဖြင့် အဓိကပြုလုပ်သွားမှာဖြစ်သော်လည်း အကျဉ်းချုံးအကြောင်းအရာများကို အင်္ဂလိပ်ဘာသာဖြင့် တိုက်ရိုက်ထုတ်လွှင့်နေစဉ်အတွင်း ကွန်မန့်တွင် ရေးသားဖော်ပြသွားမှာ ဖြစ်ပါသည်။ လာမည့်အပတ် အင်္ဂါနေ့၊ ည ၈ နာရီမှာ အားလုံးကို ကြည့်ရှုနားထောင်ဖို့ ဖိတ်ကြားလိုက်ပါသည်။



## HR ANNOUNCEMENTS




FOR ALL EMPLOYEES

# Your Health – We Got You Covered

Yoma Family Healthcare and Telemed Services has been put in place to support all our employees for any of your health-related concerns. No matter where your offices are, which department you are from, we have got you covered.

If you are not feeling well, whether you are experiencing any flu symptoms or fever, it is your responsibility to make sure you speak to a doctor. Please do not return to your workplace until you have recovered. The Yoma Family Healthcare and Telemed Services is there to make it easy for you to speak to a doctor – for free.

## ဝန်ထမ်းများအားလုံး၏ကျန်းမာရေးအတွက်

ကျွန်ုပ်တို့၏ ရုံးမဝန်ထမ်းအားလုံး၏ ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များအတွက် Yoma Family Healthcare နှင့် Telemed ဝန်ဆောင်မှုများကို ထားရှိထားပါတယ်။ ဒီဝန်ဆောင်မှုတွေကို ရုံးခန်းတိုင်း၊ ဌာနတိုင်းက ဝန်ထမ်းအားလုံး အသုံးပြုနိုင်ပါတယ်။

နေထိုင်မကောင်းဖြစ်ခြင်း (သို့) အအေးမိ တုပ်ကွေးလက္ခဏာများကို ခံစားရသူများအနေဖြင့် ဆရာဝန်နှင့် တိုင်ပင်ဆွေးနွေးရန်တာဝန်ရှိပြီး နေပြန်ကောင်းမှသာ အလုပ်ပြန်ဆင်းသင့်ပါတယ်။ The Yoma Family Healthcare နှင့် Telemed ဝန်ဆောင်မှုများကြောင့် ဆရာဝန်နှင့် အလွယ်တကူ အခမဲ့ တိုင်ပင်ဆွေးနွေးနိုင်မှာ ဖြစ်ပါတယ်။

FOR OPERATIONAL EMPLOYEES

# Log your Overtime on Yoma Connect


From 1st August onwards, all employees who have worked overtime will be able to claim them on Yoma Connect. Training is currently being offered to employees who regularly apply for overtime.

Managers will need to approve all overtime requests in the Yoma Connect App, similar to approving leave applications. If you have any questions or require additional training, please contact askHR@yoma.com.mm.

## အချိန်ပိုဆင်းခြင်းများအတွက် Yoma Connect တွင် လျှောက်ထားနိုင်

ဩဂုတ်လ ၁ ရက်နေ့ နောက်ပိုင်းမှစပြီး ဝန်ထမ်းများအားလုံးသည် မိမိတို့၏ အချိန်ပိုဆင်းထားခြင်းများအတွက် Yoma Connect တွင် စတင်လျှောက်ထားနိုင်မှာ ဖြစ်ပါတယ်။ အချိန်ပိုလျှောက်ထားလေ့ရှိသည့် ဝန်ထမ်းများကိုလည်း လက်ရှိတွင် သင်တန်းများ ပို့ချပေးနေပြီဖြစ်ပါတယ်။

ခွင့်လျှောက်ထားသကဲ့သို့ပင် အချိန်ပိုဆင်းခြင်းအတွက် လျှောက်ထားမှုများကိုလည်း မန်နေဂျာများသည် Yoma Connect မှ အတည်ပြုပေးရမှာ ဖြစ်ပါတယ်။ အခြားသိရှိလိုသည်များနှင့် သင်တန်းပို့ချပေးမှုများအတွက် မေးမြန်းလိုပါက askHR@yoma.com.mm ထံ ဆက်သွယ်မေးမြန်းနိုင်ပါတယ်။



PEOPLE2020

# The Inception of People2020 Project

A lot of you may already have heard of the project or the term PEOPLE 2020. But do you know how this project was started and why was this put in place?

When the Exco Committee met for an offsite in December 2019, our CEO, Melvyn posed a question on what should Yoma prioritise moving forward: was it the mission, profit, our customers, or our people first? The answer from Exco was unanimous – our people must be the highest priority.

With the belief on "a pleasant workforce creates a productive workplace", branded under "People2020", a series of initiatives aimed at creating the best workplace and environment for everyone working at Yoma.

## People2020 စီမံကိန်းစတင်ခဲ့ပုံ

People2020 ဆိုတဲ့ စီမံကိန်းကို အတော်များများ ကြားဖူးပြီးသားဖြစ်မှာပါ။ ဒါပေမယ့် ဒီစီမံကိန်း ဘယ်လိုစတင်လာခဲ့ရလဲဆိုတဲ့ ဇစ်မြစ်နှင့် စီမံကိန်းရဲ့ရည်ရွယ်ချက်ကိုရော သိကြရဲ့လား။

၂၀၁၉ ခုနှစ် ဒီဇင်ဘာလမှာ Exco ကော်မတီ အဖွဲ့ဝင်တွေစုပြီး ခရီးသွားချိန်မှာ ကျွန်ုပ်တို့ရဲ့ CEO ဖြစ်သူ Melvyn မှ ရိုးမအုပ်စုအနေနဲ့ ရှေ့ဆက် ဘယ်အရာတွေအပေါ် ဦးစားပေးလုပ်ဆောင်ရမလဲဆိုတဲ့ မေးခွန်းတစ်ခုမေးခဲ့ပါတယ်။ ဒီလိုဦးစားပေးလုပ်ဆောင်ရာမှာ လုပ်ငန်းစုမှချမှတ်ထားတဲ့ ရည်ရွယ်ချက်တွေလား၊ လုပ်ငန်းအကျိုးအမြတ်လား၊ ဖောက်သည်တွေလား ဒါမှမဟုတ် ကျွန်ုပ်တို့ရဲ့ ဝန်ထမ်းတွေလားဆိုပြီး ရွေးချယ်စေခဲ့ပါတယ်။ Exco အဖွဲ့ဝင်တွေရဲ့ အဖြေကတော့ ကျွန်ုပ်တို့ ဝန်ထမ်းတွေကို ထိပ်ဆုံးမှ ဦးစားပေးဖို့ တက်ညီလက်ညီ ဆုံးဖြတ်ခဲ့ကြပါတယ်။

"ပျော်ရွှင်တဲ့ လုပ်သားအင်အားစုသည် အကျိုးအမြတ်များသော လုပ်ငန်းခွင်ကို ဖန်တီးနိုင်သည်" ဆိုသော ယုံကြည်မှုဖြင့် ရိုးမတွင် အကောင်းဆုံးလုပ်ငန်းခွင် ပတ်ဝန်းကျင်ကို ဖန်တီးလိုသည့်ရည်ရွယ်ချက်ကြောင့် "People2020" ဆိုတဲ့အမှတ်တံဆိပ်အောက်တွင် လှုပ်ရှားမှုစီမံကိန်းများကို အကောင်အထည်ဖော်သွားရန်စီစဉ်ထားရှိပါတယ်။

### What is next and how to get involve?

| The following initiatives are in the pipeline: | နောင်လာမည့် အစီအစဉ်များနှင့် ပါဝင်နိုင်ပုံ - |
|---|---|
| Yoma Eats | ရိုးမရှိ အစားအသောက်များ |
| Yoma Subu | ရိုးမစုဘူး |
| Gender Equality | ကျား‌မ တန်းတူညီမျှရှိရေး |
| Daycare Facilities | နေ့ကလေးထိန်း ဝန်ဆောင်မှု |
| Yoma Study Bursary | ပညာရေးအတွက် ရိုးမမှ ထောက်ပံ့ခြင်း |
| New Yoma Orientation | ဝန်ထမ်းမိတ်ဆက် အစီအစဉ်အသစ် |
| Fair Pay | မျှတသော လစာပေးရေး |
| Housing Assistance | အိမ်ဝယ်ခြင်းများအတွက်ကူညီပေးခြင်း |


**People2020 is a project for every one of you, tell us your ideas now!**
Send us your requests to people2020@yoma.com.mm and tell us your ideas. Your opinion matters to us.

သင်တို့မှာရှိတဲ့ စိတ်ကူးအကြံဉာဏ်များကို people2020@yoma.com.mm ထံ ပေးပို့နိုင်ပါတယ်။

## What has been implemented?

### Yoma Employee Perks

The Yoma Employee perks program has brought over 20 discounts and deals for all employees across all our entities. The perks range from home and auto loans to food and beverage discounts, from outlets and brands inside the group and beyond.




ရိုးမဝန်ထမ်းများအတွက် အကျိုးခံစားခွင့် အစီအစဉ်မှ ဝန်ထမ်းများအတွက် အထူးလျှော့ဈေး အမျိုးပေါင်း ၂၀ ကျော်ကို ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ အိမ်ရာနှင့် ကားချေးငွေမှအစ အစားအသောက်ဆိုင်ရာ လျှော့ဈေးများအထိကို စီစဉ်ထားရှိပါတယ်။

### Better Transportation

Started last month at Campus, we have introduced shuttle bus services to encourage flexible working hours. We are now looking to help all of you outside of campus to get to work easier. For any further suggestions at your entity's offices, reach out to us.




ကျွန်ုပ်တို့ဝန်ထမ်းများအတွက် သွားလာရ ပိုမိုလွယ်ကူစေရန်နှင့် အလုပ်ချိန်တွင် လိုက်လျောညီထွေမှုရှိစေရန်အတွက် Campus တွင် ပြီးခဲ့တဲ့လမှစတင်ကာ Shuttle Bus ဝန်ဆောင်မှုကို စတင်ခဲ့ပါတယ်။ Campus ပြင်ပတွင် အလုပ်ဆင်းနေရသူများ သွားလာရ ပိုမိုလွယ်ကူလာစေရန် စတင်ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။ မိမိတို့၏ လုပ်ငန်းခွဲဌာနရုံးများအတွက် အကြံပေးလိုပါက ကျွန်ုပ်တို့ထံ ဆက်သွယ်နိုင်ပါတယ်။

### Better Internal Communication

We launched 10 virtual talks, 4 Yoma Challenges, 10 Yoma Bulletin, WFH the Yoma Way project, Covid-19 awareness series, and more. We are currently analysing what works for you and creating targeted internal communications strategy for each entity.




အွန်လိုင်းဆွေးနွေးပွဲ ၁၀ ခု၊ Yoma Challenge ၄ ခု၊ Yoma Bulletin ၁၀ စောင်၊ WFH the Yoma Way စီမံကိန်း၊ COVID ဆိုင်ရာ လှုံ့ဆော်ရေးများနှင့် အခြားလှုပ်ရှားမှုများကို လုပ်ငန်းစုမှ လုပ်ဆောင်ခဲ့ပြီး ဖြစ်ပါတယ်။ ထိုလှုပ်ရှားမှုများအနက် ထိရောက်မှုရှိသည့် လှုပ်ရှားမှုများကို စိစစ်ရွေးချယ်လျက် ရှိပါတယ်။ လုပ်ငန်းဌာနတစ်ခုချင်းစီအတွက် လုပ်ငန်းတွင်း သတင်းဖြန့်ချိရေး နည်းဗျူဟာများကို စီစဉ်ဖန်တီးလျက်ရှိပါတယ်။

### Yoma Social Clubs

The Yoma Social club is a program aimed to encourage social networking groupwide. After launching a pilot run with 8 online clubs, we will be launching soon our official program. If you want to connect with like-minded friends outside of workplace - Start your own club!




Yoma Social Club သည် လုပ်ငန်းစုအတွင်း အချင်းချင်း ခင်မင်ရင်းနှီးလာစေရန်အတွက် ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်ပါတယ်။ အွန်လိုင်း Club ၈ ခုကို အစမ်းပြုလုပ်ခဲ့ပြီး နောက်မကြာမီတွင် တရားဝင်အစီအစဉ်ကို စတင်သွားမှာ ဖြစ်ပါတယ်။ မိမိလုပ်ငန်းတာဝန်ပြင်ပတွင် စိတ်တူကိုယ်တူ လုပ်ဖော်ကိုင်ဖက်များနှင့် တွေ့ဆုံလိုသူများအနေဖြင့် Club များစတင် ဖွဲ့စည်းနိုင်မှာ ဖြစ်ပါတယ်။

## ENTITIES HIGHLIGHTS




### Good Deeds @ StarCity

Big shout-out to one of our Yoma employees at StarCity, Ko Wine Tin Wai, who works in the security team of B4 building. He found 7 Lakh in the lift and returned to the owner. We are proud to be sharing his honesty mindset. Big congratulations to StarCity security team and keep up the great work.

StarCity ရှိ B4 အဆောက်အအုံ လုံခြုံရေးအဖွဲ့ဝင် ရိုးမဝန်ထမ်းဖြစ်သူ ကိုဝိုင်းတင်ဝေ အတွက် အထူးပင် ဂုဏ်ယူမိပါတယ်။ သူသည် အဆောက်အအုံ ဓာတ်လှေကားထဲတွင် ကျပ်ငွေ ၇ သိန်းကို တွေ့ရှိပြီးနောက် ပိုင်ရှင်ထံ ပြန်လည်ပေးအပ်ခဲ့ပါတယ်။ သူ့ရဲ့ ရိုးသားဖြူစင်မှုကို အားလုံးသိအောင် မျှဝေရတဲ့အတွက်လည်း ဂုဏ်ယူပီတိဖြစ်မိပါတယ်။ အခုလို ရိုးသားကြိုးစားတဲ့ StarCity လုံခြုံရေးအဖွဲ့သားများကို အထူးဂုဏ်ပြုလိုက်ပါတယ်။




### Good Food @ Yoma F&B

Come to our F&B outlets and enjoy special Yoma Employee Perks by showing your employee ID or Yoma Connect.

ရိုးမဝန်ထမ်းများအတွက် ထားရှိထားတဲ့ အကျိုးခံစားခွင့်များကို ကျွန်ုပ်တို့ရဲ့ F&B ဆိုင်ခွဲများတွင် ဝန်ထမ်းကဒ် ဒါမှမဟုတ် Yoma Connect ပြရုံနှင့် ရရှိနိုင်မှာဖြစ်ပါတယ်။




### Good Deals @ Yoma Bank & Yoma Fleet

Whether for your home purchase or wanting to rent a set of quality wheels, apply for reduced employee rates from Yoma Bank Home Loans and from Yoma Fleet Novated Lease. Conditions and eligibility requirements apply.

အိမ်ဝယ်ချင်တာဘဲဖြစ်စေ၊ ကားကောင်းငှားစီးချင်သူများအနေဖြင့် ရိုးမဘဏ်မှ ဝန်ထမ်းများအတွက် စီစဉ်ထားရှိထားတဲ့ အိမ်ရာချေးငွေနှင့် Yoma Fleet ၏ အထူးကားငှားနှုန်းများကို လျှောက်ထားနိုင်ပြီဖြစ်ပါတယ်။ သတ်မှတ်ထားသော အခြေအနေနှင့် လိုအပ်ချက်များပြည့်မီရန် လိုအပ်ပါတယ်။




### Good Drinks @ Memories

Get ready to be blown away by Madame Em's signature cocktails with mixologist Joey Keen at Awei Metta this weekend.

အံ့အားသင့်ဖွယ်ရာ Madame Em ရဲ့ အထင်ကရ ကော့တေးတွေကို အဖျော်ဆရာ Joey Keen မှ Awei Metta တွင် ဒီအပတ် သောကြာနှင့် စနေနေ့တွေမှာ ပြုလုပ်ပေးမှာဖြစ်ပါတယ်။